၁။ ဝိကာလဘောဇန သိက္ခာပုဒ်ကို မစောင့်ရှောက်ခြင်း။

၂။ နစ္စ ဂီတ သိက္ခာပုဒ်ကို မစောင့်ရှောက်ခြင်း။

၃။ မာလာဂန္ဓ သိက္ခာပုဒ်ကို မစောင့်ရှောက်ခြင်း။

၄။ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ကို မစောင့်ရှောက်ခြင်း။

၅။ ဇာတရူပ သိက္ခာပုဒ်ကို မစောင့်ရှောက်ခြင်း။ [ ဤငါးပါးသည် ဆယ်ပါးသီလတွင် ပါဝင်သော သိက္ခာပုဒ်များတည်း။ ]

၆။ ရဟန်းတော်များကို လာဘ်မရအောင် အားထုတ်ခြင်း။ [ ဆွမ်း သင်္ကန်း စသည်ကို မလှူချင်အောင် မဟုတ်မမှန်သော အပြစ်ကို လုပ်ကြံ၍ လူတို့အား ပြောဆိုခြင်း။ ]

၇။ ရဟန်းတော်များကို နေမြဲ ကျောင်း၌ မနေနိုင်အောင် အားထုတ်ခြင်း။ [ တစုံတခုသော အမှုအပြစ်ကြောင့် ထိုကျောင်းမှ ထွက်သွားရအောင် အားထုတ်ခြင်း, ကောင်းမွန်စွာ မနေသူကို ထွက်သွားအောင် ပြုလုပ်ခြင်း၌ ဒဏ်မထိုက်။ ]

၈။ ရဟန်းတော်များကို အကျိုးမဲ့ ( အကျိုးမရှိ ) ဖြစ်အောင်(ဘေးအန္တရာယ်ဖြစ်အောင်)အားထုတ်ခြင်း။

၉။ ရဟန်းတို့ကို ဆဲခြင်း, ရိုက်မည် နှက်မည် စသည်ဖြင့် ခြိမ်းခြောက်ခြင်း။